# ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၉။]

## နိဒါန်း

အခြေခံဥပဒေပုဒ်မ ၅၇ အရ ပြည်သူ့လွှတ်တော်နှင့် လည်းကောင်း၊ ပြည်သူ့လွှတ်တော်ရေးရာကော်မီတီများနှင့်လည်းကောင်း **သက်ဆိုင်သော ဥပဒေ**များ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းရမည်ဖြစ်၍ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

# အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **လွှတ်တော်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) **လွှတ်တော် အဖွဲ့အစည်းများ** ဆိုသည်မှာ လွှတ်တော်ရေးရာကော်မီတီများနှင့် လွှတ်တော်မှဖွဲ့စည်းသော ကော်မရှင်များနှင့် ကော်မီတီများကိုဆိုသည်။

# အခန်း (၂)

## လွှတ်တော်ဖွဲ့စည်းပုံ

၃။ အခြေခံဥပဒေနှင့် ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများအရ လွှတ်တော်သို့ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုဖွဲ့စည်းသည်။

၄။ လွှတ်တော် အစည်းအဝေးသည် လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းတက်ရောက်မှသာလျှင် အထမြောက်သည်။

၅။ လွှတ်တော်၏ ပုံမှန်သက်တမ်းသည် ယင်း၏ပထမအကြိမ် အစည်းအဝေး ကျင်းပသည့်နေ့မှစ၍ ၄ နှစ်ဖြစ်သည်။ သို့ရာတွင် အခြေခံဥပဒေ ပုဒ်မ ၆၂ အရ လွှတ်တော်ကို ဖျက်သိမ်းခြင်းနှင့် အခြေခံဥပဒေ ပုဒ်မ ၇၇ အရ လွှတ်တော် သက်တမ်းကို တိုးမြှင့်ခြင်းပြုလုပ်နိုင်သည်။

# အခန်း (၃)

## သဘာပတိအဖွဲ့

၆။ (က) လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးပထမနေ့တွင် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ လွှတ်တော် ကိုယ်စားလှယ်တဦးအား ယာယီသဘာပတိအဖြစ် တင်မြှောက်ရမည်၊

(ခ) ယာယီသဘာပတိသည် လွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာပြုရမည်။

၇။ ယာယီ သဘာပတိသည် သဘာပတိအဖွဲ့ကို ရွေးချယ်တင်မြှောက်ပြီးသည်အထိ လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရမည်။

၈။ လွှတ်တော်၏ ပုံမှန်အစည်းအဝေးကျင်းပသည့်အခါတိုင်း အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲရန် သဘာပတိအဖွဲ့ကို နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်၊

၉။ သဘာပတိအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် ---

(က) လွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) လွှတ်တော်၏ ရွေးချယ်တင်မြှောက်ပွဲများကိုကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) လွှတ်တော် အစည်းအဝေးများတွင် ဆောင်ရွက်ချက်များသည် အခြေခံဥပဒေနှင့်လည်းကောင်း၊ ဤဥပဒေ၊ နည်းဥပဒေများနှင့် လည်းကောင်း ကိုက်ညီခြင်းရှိစေရန် ကြပ်မလပ်မ်းညွှန်ခြင်း၊

(ဃ) လွှတ်တော် အစည်းအဝေးများတွင်ဆုံးဖြတ်ဖြေရှင်းရန် ကိစ္စများ ပေါ်ပေါက်လာပါက ညှိနှိုင်း၍ဆုံးဖြတ်ဖြေရှင်းခြင်း၊

(င) လွှတ်တော် ကိုယ်စားလှယ်များ၏ တင်ပြဆွေးနွေးချက်များသည် ဤဥပဒေ၊ နည်းဥပဒေများ သို့မဟုတ် စည်းကမ်းချက်များကို ဖောက်ဖျက် ဆန့်ကျင်ပါက လိုအပ်သလို အရေးယူနိုင်ရန် လွှတ်တော်သို့ တင်ပြခြင်း၊

(စ) လွှတ်တော်ကိုယ်စားလှယ် တဦးအား ဖမ်းဆီးနိုင်ရန် ခွင့်ပန်သည့် အခါ လိုအပ်သောအဆုံးအဖြတ်ပေးခြင်း၊

(ဆ) အခြေခံဥပဒေ ပုဒ်မ ၅၂ အရ လွှတ်တော်အစည်းအဝေးခေါ်ယူ ကျင်းပပေးရန် တောင်းဆိုပါလျက် တောင်းဆိုသည့်နေ့မှ ရက် ပေါင်း သုံးဆယ် အတွင်း နိုင်ငံတော်ကောင်စီက အစည်းအဝေး ခေါ်ယူရန် ပျက်ကွက်ခဲ့လျှင် အစည်းအဝေးခေါ်ယူ ကျင်းပပေး ခြင်း။

၁၀။ သဘာပတိအဖွဲ့ဝင်များသည် နိုင်ငံတော်ကောင်စီ၊ ဗဟို အာဏာပိုင် အဖွဲ့အစည်း သို့မဟုတ် လွှတ်တော် ရေးရာကော်မီတီ တရပ်ရပ်သို့လည်းရွေးချယ် တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ ရွေးချယ်တင်မြှောက်ခံရလျှင် သဘာပတိအဖွဲ့ဝင် အဖြစ်မှနုတ်ထွက်ရမည်။

၁၁။ သဘာပတိအဖွဲ့ဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်။

၁၂။ သဘာပတိအဖွဲ့သည် လွှတ်တော်အစည်းအဝေးများကို နေ့စဉ်ကြီးကြပ် ကွပ်ကဲရန် အလှည့်ကျသဘာပတိတဦးကို ပြည်နယ်နှင့် တိုင်းအမည် အက္ခရာစဉ် အလိုက် တာဝန်ပေးရမည်။

၁၃။ သဘာပတိအဖွဲ့နှင့်အလှည့်ကျသဘာပတိတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၁၄။ သဘာပတိအဖွဲ့သည် နောက်တကြိမ် လွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပ၍ သဘာပတိအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ပြီးသည် အထိ တာဝန်ထမ်းဆောင်ရမည်။

## အခန်း (၄)

## နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ

၁၅။ လွှတ်တော်သည် နိုင်ငံတော်ကောင်စီကို လွှတ်တော်ကိုယ်စားလှယ်များထဲမှအောက်ပါပုဂ္ဂိုလ်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်—

(က) ပြည်နယ်နှင့် တိုင်း တခုစီ၏ လွှတ်တော် ကိုယ်စားလှယ်များက မိမိတို့အထဲမှ တဦးကျစီ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များ၊

(ခ) ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်ဦးရေနှင့် ညီမျှသည့်အရေအတွက်ကို လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များ၊

(ဂ) ဝန်ကြီးချုပ်။

၁၆။ လွှတ်တော်သည် ဝန်ကြီးအဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၂၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၇။ လွှတ်တော်သည် ပြည်သူ့တရားသူကြီးအဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၈။ လွှတ်တော်သည် ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၉။ လွှတ်တော်သည် ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ကို လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးဖြင့် ဖွဲ့စည်းရမည်။

၂၀။ ပုဒ်မ ၁၆၊ ၁၇၊ ၁၈ နှင့် ၁၉ တို့တွင် ဖော်ပြထားသည့် ကန့်သတ်ချက်များအတွင်း ဗဟိုအာဏာပိုင် အဖွဲ့အစည်းအသီးသီးတွင် လိုအပ်သည့် အဖွဲ့ဝင်ဦးရေကို အခြေခံဥပဒေပုဒ်မ ၆၄ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များက သတ်မှတ်ပေးရမည်။

၂၁။ (က) ပုဒ်မ ၁၅ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များသည် မိမိတို့အထဲမှ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌတဦးနှင့် အတွင်းရေးမှူးတဦးကို ရွေးချယ်တင်မြှောက်၍ လွှတ်တော်၏အတည်ပြုချက်ကိုရယူရမည်၊

(ခ) ပုဒ်မ ၁၆ အရ ရွေးချယ်တင်မြှောက်ထားသော ဝန်ကြီးအဖွဲ့သည် မိမိတို့အထဲမှ ဝန်ကြီးချုပ်တဦးကို ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) ပုဒ်မ ၁၇၊ ၁၈ နှင့် ၁၉ တို့အရ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့အသီးသီးတို့သည် မိမိတို့အထဲမှ ဥက္ကဋ္ဌ တဦးစီကို ရွေးချယ်တင်မြှောက်ရမည်။

၂၂။ လွှတ်တော်သည် နိုင်ငံတော်ကောင်စီ၊ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၂၃။ နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများတွင် တစုံတခုသောအကြောင်းကြောင့် နေရာလစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုး ရွေးချယ် တင်မြှောက်ရမည်။

## အခန်း (၅)

## လွှတ်တော် အဖွဲ့အစည်းများ

၂၄။ (က) လွှတ်တော်သည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မီတီကိုအောက်ပါအဖွဲ့ဝင် ၉ ဦးဖြင့် ဖွဲ့စည်းရမည်—

(၁) နိုင်ငံတော်ကောင်စီက တင်သွင်းသော နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမှအပ ဖြစ်သော နိုင်ငံတော် ကောင်စီဝင် ၄ ဦး၊

(၂) ဝန်ကြီးချုပ်၊

(၃) စီမံကိန်းနှင့်ဘဏ္ဍာရေးဌာနဝန်ကြီး၊

(၄) ပြည်ထဲရေးနှင့်သာသနာရေးဌာနဝန်ကြီး၊

(၅) ကာကွယ်ရေးဌာနဝန်ကြီး၊

(၆) နိုင်ငံခြားရေးဌာနဝန်ကြီး၊

(ခ) ဝန်ကြီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာ ကော်မီတီ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်၊

(ဂ) ဥက္ကဋ္ဌသည် သင့်တော်သော အဖွဲ့ဝင်တဦးကို အတွင်းရေးမှူး အဖြစ်တာဝန်ပေးနိုင်သည်။

F. 7

၂၅။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မီတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၂၆။ လွှတ်တော်သည် အောက်ပါရေးရာကော်မီတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်—

(က) လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မီတီ၊

(ခ) ဘဏ္ဍာရေးနှင့် အမျိုးသားစီမံကိန်းရေးရာကော်မီတီ၊

(ဂ) သမဝါယမ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောရေးရာကော်မီတီ၊

(ဃ) ကုန်သွယ်ရေးရာကော်မီတီ၊

(င) စက်မှုလက်မှုနှင့်သယံဇာတပစ္စည်းရေးရာကော်မီတီ၊

(စ) ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးရာကော်မီတီ၊

(ဆ) သိပ္ပံနှင့်နည်းပညာရေးရာကော်မီတီ၊

(ဇ) ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးရာကော်မီတီ၊

(ဈ) အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးနှင့် နိုင်ငံခြားရေးရာကော်မီတီ၊

(ည) ဥပဒေကြမ်းရေးရာကော်မီတီ၊

(ဋ) လူမှုရေးရာကော်မီတီ၊

(ဌ) တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မီတီ၊

(ဍ) တိုင်းရင်းသားလူမျိုးများရေးရာကော်မီတီ။

၂၇။ (က) လွှတ်တော်ရေးရာကော်မီတီတခုစီကို လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး ၅ ဦးမှ အများဆုံး ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က)တွင် ဖော်ပြထားသည့် ကန့်သတ်ချက် အတွင်း လွှတ်တော် ရေးရာ ကော်မီတီ တခုစီတွင် ပါဝင် ရမည့် လွှတ်တော် ကိုယ်စားလှယ် ဦးရေကို နိုင်ငံတော် ကောင်စီက သတ်မှတ်ပေးရမည်။

၂၈။ (က) လွှတ်တော်ရေးရာ ကော်မီတီများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(၁) လွှတ်တော်နှင့် နိုင်ငံတော်ကောင်စီတို့က နိုင်ငံတော်၏ အရေးကိစ္စအဝဝနှင့် ပတ်သက်သည့် မူဝါဒများချမှတ်လမ်းညွှန်ရာတွင် အထောက်အကူပြုခြင်း၊

(၂) ဥပဒေများ၊ နည်းဥပဒေများ၊ လွှတ်တော်ဆုံးဖြတ်ချက်များနှင့်အညီ နိုင်ငံတော်ကောင်စီက ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ထမ်း အဖွဲ့အစည်းများအား လမ်းညွှန် ကြီးကြပ်ကွပ်ကဲ ပေါင်းစပ်ညှိနှိုင်းပေးရာတွင် အထောက်အကူပြုခြင်း၊

(၃) တာဝန်ပေးအပ်ထားသည့် ရေးရာကိစ္စများနှင့် ပတ်သက်၍ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊

(၄) ရေးရာကိစ္စများနှင့် ပတ်သက်၍ လွှတ်တော်သို့ဥပဒေကြမ်းများ၊ အဆိုများ၊ မေးခွန်းများကိုသုံးသပ်၍ လိုအပ်သလို အထောက်အကူပြုခြင်း၊

(၅) ရေးရာကိစ္စများနှင့် ပတ်သက်၍ လွှတ်တော် သို့မဟုတ် နိုင်ငံတော် ကောင်စီက တာဝန်ပေးလျှင် လေ့လာခြင်း၊ စုံစမ်းခြင်း၊ လိုအပ်သလို အထောက် အကူပြုခြင်း၊

(ခ) လွှတ်တော်ရေးရာ ကော်မီတီ အသီးသီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းရမည်။

၂၉။ လွှတ်တော် ကိုယ်စားလှယ် တဦးသည် လွှတ်တော်ရေးရာ ကော်မီတီ ၂ ခုထက်ပို၍ ပါဝင်ဆောင်ရွက်ခွင့်မရှိစေရ။

၃၀။ နိုင်ငံတော်ကောင်စီသည်—

(က) လွှတ်တော် ရေးရာ ကော်မီတီဝင်များကို ရေးရာ ကော်မီတီအလိုက် တာဝန် ခွဲဝေ၍ ဖွဲ့စည်းပေးရမည်၊

(ခ) ရေးရာကော်မီတီများကို ဦးဆောင်ရန် အတွင်းရေးမှူးများကို ရွေးချယ်၍ တာဝန်ပေးအပ်ရမည်၊

(ဂ) ဖွဲ့စည်းပြီးသော ရေးရာကော်မီတီများနှင့် ကော်မီတီဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြရမည်။

၃၁။ ရေးရာကော်မီတီများသည် လွှတ်တော်ကိုတာဝန်ခံရမည်။ လွှတ်တော် အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် နိုင်ငံတော်ကောင်စီကို တာဝန်ခံရမည်။

၃၂။ ရေးရာကော်မီတီများ၏ သက်တမ်းသည် လွှတ်တော်၏ သက်တမ်းနှင့် အညီ ဖြစ်သည်။

၃၃။ (က) လွှတ်တော်သည် အခါအားလျော်စွာ စုံစမ်း စစ်ဆေးရန်လည်းကောင်း၊ အခြားကိစ္စများကို ဆောင်ရွက်ရန်လည်းကောင်း လိုအပ်သည့်ကော်မရှင်များနှင့် ကော်မီတီများကို ဖွဲ့စည်းနိုင်သည်၊

(ခ) ကော်မရှင်များနှင့် ကော်မီတီများကို လွှတ်တော် ကိုယ်စားလှယ်များဖြင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် အခြားသင့်လျော်သော နိုင်ငံသားများဖြင့် ဖြစ်စေ ဖွဲ့စည်းနိုင်သည်။

## အခန်း (၆)

## လွှတ်တော်ကိုယ်စားလှယ်များ

၃၄။ (က) လွှတ်တော် ကိုယ်စားလှယ်များသည် ယာယီသဘာပတိ ရှေ့မှောက်၌ ကတိသစ္စာပြုရမည်၊

(ခ) ကတိသစ္စာ မပြုရသေးသော လွှတ်တော် ကိုယ်စားလှယ်များသည် လွှတ်တော်သို့ စတင်တက်ရောက်သည့်နေ့တွင် အလှည့်ကျ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

၃၅။ လွှတ်တော် ကိုယ်စားလှယ်များ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) အခြေခံ ဥပဒေနှင့် ရှိရင်းစွဲ ဥပဒေများကို ကာကွယ် စောင့်ရှောက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊

(ခ) မိမိတို့အား ရွေးချယ် တင်မြှောက်လိုက်သော ပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကို လွှတ်တော်သို့ တင်ပြခြင်း၊

(ဂ) လွှတ်တော်က ပြဋ္ဌာန်းလိုက်သော ဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များနှင့် လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို မိမိအား ရွေးချယ် တင်မြှောက်လိုက်သော နိုင်ငံသားများထံ ပြန်လည်အစီရင်ခံခြင်း၊

(ဃ) မိမိ၏ သဘောထားဆန္ဒနှင့် မကိုက်ညီစေကာမူ လွှတ်တော်တွင်း စုပေါင်း ဆုံးဖြတ်ချက်များနှင့်အညီလိုက်နာစောင့်ထိန်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်နှင့် ပတ်သက်သော လျှို့ဝှက်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(စ) လွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများ၊ နည်းဥပဒေကြမ်းများ၊ အဆိုများနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် တနိုင်ငံလုံး၏အကျိုးစီးပွားကို အခြေပြုအလေးထားခြင်း၊

(ဆ) နိုင်ငံသားတိုင်း၏ မူလ အခွင့်အရေးများ၊ ပုဂ္ဂိုလ်ဆိုင်ရာပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို အပြည့်အဝ ရရှိခံစားနိုင်ရေးအတွက် ကြိုးပမ်းခြင်း၊

(ဇ) လွှတ်တော် အစည်းအဝေးများသို့မှန်မှန် တက်ရောက်ခြင်း၊

(ဈ) လွှတ်တော်က ပေးအပ်သည့် အခြား တာဝန်များကို ထမ်းဆောင်ခြင်း။

၃၆။ လွှတ်တော်ကိုယ်စားလှယ်များ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) အခြေခံဥပဒေနှင့်အညီဥပဒေကြမ်းများကို တင်သွင်းခြင်း၊

(ခ) သဘာပတိအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အဆိုများကို တင်သွင်းခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီ၊ ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများက ချမှတ် ပေးသင့်သော မူဝါဒများ၊ လမ်းညွှန်မှုများကို တင်ပြဆွေးနွေး အကြံပေးခြင်း၊

(ဃ) လွှတ်တော်သို့ တင်ပြဆွေးနွေးသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ဖြစ်စေ၊ နိုင်ငံတော်ကောင်စီ၊ ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ဖြစ်စေ၊ မိမိအား ရွေးချယ် တင်မြှောက် လိုက်သော မဲဆန္ဒနယ်နှင့် ပတ်သက်၍ဖြစ်စေ မေးမြန်းဆွေးနွေးခြင်း၊

(င) လွှတ်တော် အစည်းအဝေး ကျင်းပသည့် ကာလမဟုတ်လျှင် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများကို စာဖြင့်မေးမြန်းခြင်း၊

(စ) လွှတ်တော်သို့ တင်ပြသော ကိစ္စရပ်များနှင့် ပတ်သက်၍ မဲခွဲဆုံးဖြတ်ရာတွင် ဆန္ဒမဲပေးခြင်း၊

(ဆ) လွှတ်တော်က ရွေးချယ်တင်မြှောက်သည့် အဖွဲ့အစည်းများသို့ ရွေးချယ်တင်မြှောက်ခံနိုင်ခြင်း၊

(ဇ) လွှတ်တော်က ရွေးချယ်တင်မြှောက်သည့် အဖွဲ့အစည်းများမှဖြစ်စေ၊ လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှဖြစ်စေ နုတ်ထွက်နိုင်ခြင်း၊

(ဈ) အခြေခံဥပဒေပုဒ်မ ၅၂ အရ လွှတ်တော်အစည်းအဝေးခေါ်ယူကျင်းပပေးရန် သော်လည်းကောင်း၊ အခြေခံဥပဒေ ပုဒ်မ ၆၂ အရ လွှတ်တော်ကို ဖျက်သိမ်းရန်သော်လည်းကောင်း တင်ပြခြင်း။

၃၇။ လွှတ်တော် ကိုယ်စားလှယ်များ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဖမ်းဆီးခြင်းခံရသော လွှတ်တော် ကိုယ်စားလှယ် တဦးသည် ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်နှင့် လွှတ်တော် အဖွဲ့အစည်းများ၏ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိခြင်း၊

(ခ) လွှတ်တော်နှင့် လွှတ်တော် အဖွဲ့အစည်းများတွင် ဆွေးနွေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် စည်းကမ်းများမှအပ အခြားဥပဒေဖြင့် အရေးယူခြင်းမှ ကင်းလွတ်ခွင့်ရှိခြင်း၊

(ဂ) လွှတ်တော် ကိုယ်စားလှယ်များအတွက် သတ်မှတ်ထားသော ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားစရိတ်များကို ခံစားခွင့်ရှိခြင်း၊

(ဃ) လွှတ်တော် ကိုယ်စားလှယ်တဦးသည် ပြည်သူ့ဝန်ထမ်းဖြစ်ပါက ယင်း၏ ဝန်ထမ်းဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း ခံစားခွင့်ရှိခြင်း။

၃၈။ လွှတ်တော်ကိုယ်စားလှယ်များသည် အောက်ပါကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်မှတပါး မည်သည့်နိုင်ငံ၏ ကျေးဇူးသစ္စာကိုမျှခံယူခြင်းမပြုရ၊

(ခ) အခြေခံဥပဒေ၊ ဤဥပဒေနှင့် ရှိရင်းစွဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရမည်၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များ၏သိက္ခာနှင့် လျော်ညီစွာဆက်ဆံနေထိုင်ရမည်၊

(ဃ) ဤဥပဒေ ပုဒ်မ ၃၅ တွင် ပြဋ္ဌာန်းထားသော လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ရမည်၊

(င) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြည်သူတို့က ရွေးချယ်တင်မြှောက် ပေးအပ်ထားသည့် တာဝန်ကို အလွဲသုံးစား ပြု၍ ကိုယ်ကျိုးရှာခြင်း၊ လာဘ်ယူခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ရှောင်ကြဉ်ရမည်၊

(စ) နိုင်ငံခြားမှရရှိသော လက်ဆောင်ပစ္စည်းများစာရင်းကို နိုင်ငံတော်ကောင်စီသို့ တင်ပြရမည်။

၃၉။ လွှတ်တော် ကိုယ်စားလှယ်တဦးသည် အောက်ပါ အကြောင်းတခုခု ဖြစ်ပေါ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲရမည်—

(က) အခြေခံဥပဒေပုဒ်မ ၁၈၇ နှင့်အညီ ပြဋ္ဌာန်းထားသော တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေအရ မိမိအား ရွေးချယ်တင်မြှောက် လိုက်သည့် ပြည်သူများက တာဝန်မှ ပြန်လည် ရုပ်သိမ်းခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်ကို ဥပဒေအရ ဆုံးရှုံးခြင်း၊

(ဂ) ဥပဒေနှင့်အညီ နုတ်ထွက်ခြင်း၊

(ဃ) ကွယ်လွန် အနိစ္စရောက်ခြင်း။

# အခန်း (၇)

## ပြည်သူ့ကောင်စီတရပ်ရပ်ကိုဖျက်သိမ်းခြင်း

၄၀။ (က) လွှတ်တော်သည် ပြည်သူ့ ကောင်စီတရပ်ရပ်ကို လည်းကောင်း၊ ပြည်သူ့ကောင်စီများကိုလည်းကောင်း အောက်ပါ အကြောင်း တခုခုကြောင့် ဖျက်သိမ်းနိုင်သည် —

(၁) အခြေခံဥပဒေပါပြဋ္ဌာန်းချက် တရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း၊

(၂) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြား စေရန် ဆောင်ရွက်ခြင်း၊

(၃) နိုင်ငံတော် တည်တံ့ခိုင်မြဲရေးကို အန္တရာယ်ပြု ထိပါးခြင်း၊

(၄) လွှတ်တော်က ချမှတ်ပြဋ္ဌာန်းထားသော ဆုံးဖြတ်ချက် တရပ်ရပ်ကို ဆန့်ကျင်ချိုးဖောက်ခြင်း၊

(၅) တာဝန်များကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊

(ခ) ပြည်သူ့ကောင်စီ တရပ်ရပ်ကို သော်လည်းကောင်း၊ ပြည်သူ့ ကောင်စီ များကို သော်လည်းကောင်း ဖျက်သိမ်းခြင်းနှင့် ပတ်သက်၍နည်းဥပဒေများပြဋ္ဌာန်းရမည်။

# အခန်း (၈)

## လွှတ်တော်အစည်းအဝေးများ

၄၁။ လွှတ်တော်ပုံမှန် အစည်းအဝေးကို တနှစ်လျှင် အနည်းဆုံး ၂ ကြိမ် မပျက်မကွက် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တကြိမ်နှင့်တကြိမ် အကြား အရှည်ကြာဆုံး ကာလသည် ၈ လထက် မပိုစေရ။

၄၂။ အောက်ပါကိစ္စရပ်များကို သာမန်အားဖြင့် လွှတ်တော်ပုံမှန် အစည်းအဝေး၌သာ ဆုံးဖြတ်ဆောင်ရွက်ရမည်။ အထူး လိုအပ်မှသာ လွှတ်တော် အထူးအစည်းအဝေး ခေါ်ယူဆောင်ရွက်နိုင်သည်—

(က) ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက်သော ဥပဒေများကို အချိန်မီ ကြိုတင်ပြဋ္ဌာန်းခြင်း၊

(ခ) စီးပွားရေး စီမံကိန်းနှင့် ပတ်သက်သော ဥပဒေများကို ပြဋ္ဌာန်းခြင်း၊

(ဂ) အခွန်အကောက်နှင့် ပတ်သက်သော ဥပဒေများကို ပြဋ္ဌာန်းခြင်း၊

(ဃ) နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်သော ပုံမှန်အစီရင်ခံစာ များကို ကြားနာ၍ အဆုံးအဖြတ်ပေးခြင်း။

၄၃။ နိုင်ငံတော်ကောင်စီသည် လွှတ်တော် အထူး အစည်းအဝေးကိုဖြစ်စေ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ လိုအပ်သလို ခေါ်ယူကျင်းပနိုင်သည်။

၄၄။ နိုင်ငံတော်ကောင်စီသည် စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းကိစ္စကို လွှတ်တော်က အဆုံးအဖြတ်ပေးနိုင်ရန် လွှတ်တော် အစည်းအဝေးကျင်းပဆဲ မဟုတ်လျှင် အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်။

၄၅။ လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းနှင့်ပတ်သက်၍ နည်းဥပဒေများ ပြဋ္ဌာန်းရမည်။

၄၆။ နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေ ပုဒ်မ ၇၇ အရ လွှတ်တော်၏ သက်တမ်းကို တိုးမြှင့်ပေးရန် လိုအပ်ပါက လွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပဆဲ မဟုတ်လျှင် အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပပေးရမည်။

၄၇။ နိုင်ငံတော်ကောင်စီသည် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏သုံးဆယ့် လေးရာခိုင်နှုန်းက တောင်းဆိုလျှင် လွှတ်တော်အစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပပေးရမည်။

# အခန်း (၉)

## အထွေထွေ

၄၈။ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် လွှတ်တော်အဖွဲ့အစည်းများသည် လွှတ်တော်သို့ တင်သွင်းရန်ကိစ္စရပ်များကို နိုင်ငံတော်ကောင်စီမှတဆင့် တင်သွင်းရမည်။

၄၉။ လွှတ်တော်၏ လုပ်ငန်းအဝဝကို တာဝန်ယူဆောင်ရွက်ရန် လွှတ်တော်ရုံးကို ဖွဲ့စည်းထားရှိရမည်။ ယင်းရုံး၏ဖွဲ့စည်းပုံ၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကို သီးခြားသတ်မှတ်ပေးရမည်။

၅၀။ လွှတ်တော် အစည်းအဝေးများကို ရန်ကုန်မြို့တော်တွင် ကျင်းပရမည်။ ရန်ကုန်မြို့တော်တွင်ကျင်းပရန် မဖြစ်နိုင်မှသာ အခြားသင့်လျော်သော နေရာ၌ ကျင်းပရန်နိုင်ငံတော်ကောင်စီက သတ်မှတ်ရမည်။

၅၁။ လွှတ်တော် ကိုယ်စားလှယ်တဦးဦးအား နိုင်ငံတော်ကိုသစ္စာဖောက်မှုဖြင့် အရေးယူရန် အကြောင်း ပေါ်ပေါက်လျှင် ယင်းပုဂ္ဂိုလ်အား တာဝန်မှလည်းကောင်း၊ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်စေခြင်းမှ လည်းကောင်း ခေတ္တရပ်စဲ၍ အနီးကပ်ဆုံး လွှတ်တော်၏ အတည်ပြုချက်ကို ရယူရေးနှင့်ပတ်သက်၍ နည်းဥပဒေများပြဋ္ဌာန်းရမည်။

၃၂။ အခြေခံဥပဒေ ပုဒ်မ ၆၂ အရ လွှတ်တော်ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ နည်းဥပဒေများ ပြဋ္ဌာန်းရမည်။

၃၃။ အခြေခံဥပဒေကို အနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြင်ဆင်ခြင်းစသည့် ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်ရမည်။

၃၄။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသော ကိစ္စအခက်အခဲများ ပေါ်ပေါက်လာလျှင် ပြေလည်စွာဆောင်ရွက်ဖြေရှင်းနိုင်ရန် သဘာပတိအဖွဲ့က သင့်လျော်သလိုဆုံးဖြတ်နိုင်သည်။